

(ဇန်နဝါရီ ၄ ရက်မှအဆက်)

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဗလူး

## အရှေ့မြောက်အာရှဒေသ နိုင်ငံတချို့၏နမူနာ

လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်ကစပြီး အစိုးရများအပေါ် ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှုကျဆင်းလာခြင်းဟာ ကမ္ဘာလုံးဆိုင်ရာ သဘာဝဖြစ်စဉ်များလားလို့ လေ့လာသူ အများအပြားက စိုးရိမ်ခဲ့ကြပါတယ်။ ဒါ့ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတချို့က ယုံကြည်စိတ်ချမှုရရှိစေမယ့် အလုပ်တွေကို တွန်းလုပ်လာကြတဲ့ လှိုင်းတွေကိုလည်း တွေ့နေရပါတယ်။ ပြည်သူလူထု ကိုယ်နှိုက်က သဘောထားအမြင် ပြောင်းလဲလာကြခြင်း သို့မဟုတ် နိုင်ငံရေးသမားများရဲ့ ပုံစံကိုယ်နှိုက်က နိုင်ငံရေးကိစ္စများကို ကိုင်တွယ်ရာမှာ နည်းလမ်းပြောင်းလဲလာကြခြင်း တို့ကြောင့်ဖြစ်တယ်လို့ တချို့ကဆိုကြပါတယ် ။ အစိုးရများအပေါ် မကောင်းမြင်ခြင်းဟာ အစိုးရရဲ့ ယုံကြည်စိတ်ချရမှု ဆောင်ရွက်ချက် နဲ့ **"လူမှုရေးအရင်း"**တို့ကြောင့် ဖြစ်တယ်လို့ အခိုင်အမာ ယုံကြည်သူများကလည်း ယုံကြည်ကြပါတယ်။ ဒီပြဿနာဟာ အနောက်တိုင်းနိုင်ငံများမှာ သာမက အရှေ့နဲ့မြောက် အာရှ ဒေသတွေမှာလည်း အရေးကြီး ပြဿနာတစ်ရပ် ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ဒီကိစ္စနဲ့ ဆက်စပ်ပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ် နဲ့ မွန်ဂိုလီးယား နိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲမှုများကို အကြမ်းဖျင်း လေ့လာနိုင်ဖို့ အကျဉ်းချုံးဖော်ပြ လိုပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် သုံးခုကျော်ကစပြီး တရုတ်ပြည်ရဲ့ စီးပွားရေးဟာ ဗဟိုဦးစီးစီမံကိန်း စီးပွားရေးစနစ်မှ ဈေးကွက်ကို ရှေးရှုတဲ့ စီးပွားရေးသို့ သိသာထင်ရှားစွာ ပြောင်းလဲခဲ့ပါတယ်။ တရုတ်ပြည်ရဲ့ အလွန်လျင်မြန်စွာ ကြီးထွားလာတဲ့ ဈေးကွက်ကြီးဟာ ပြင်ပရင်းနှီးမြှုပ်နှံမှု အမြောက်အမြားကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့တန်ဖိုးများ ဆန်းစစ်လေ့လာရေး အသင်းကြီးရဲ့၂၀၁၀ခုနှစ်၊ ဇန်နဝါရီလထုတ်ပြန်ချက်အရ တရုတ်အစိုးရနဲ့ အမျိုးသားပြည်သူ့ ကွန်ဂရက်အပေါ် ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှုဟာ အတော်ကလေး မြင့်မားကြောင်း တွေ့ရ ပါတယ်။ ၂၀၀၉ခုနှစ် စာရင်းအရ တရုတ်ပြည်မှာတရားဝင်အသိအမှတ်ပြု လူမှုအဖွဲ့အစည်း ၄၁၅,၀၀၀ ဖွဲ့ရှိပြီး စီးပွားရေးအဖွဲ့အစည်း၊ မှတ်ပုံမတင်ထားတဲ့ လူမှုအခြေပြု အဖွဲ့အစည်း ထောင်ပေါင်း များစွာလည်းရှိပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းပေါင်းများစွာဟာ ပတ်ဝန်းကျင်ရေးရာ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံပညာသုတေသန၊ ယဉ်ကျေးမှု၊ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေး၊ တရားဥပဒေရေးရာ အကူအညီ ပေးရေး၊ လူမှုဝန်ထမ်းစတဲ့ လုပ်ငန်းအများအပြားမှာ တရုတ်ပြည်ရဲ့ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် နဲ့ ပြည်သူလူထု အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။

၂၀၀၅ခုနှစ် ပြည်သူ့ဝန်ထမ်းဥပဒေဟာ အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်မှာ သိသာထင်ရှားပါတယ်။ ပြည်သူ့ဝန်ထမ်းရေးရာကို ပြုပြင်ပြောင်းလဲရာမှာ အဓိကကျတဲ့ ကဏ္ဍလေးရပ်ပါရှိပါတယ်။ အထူးလေ့ကျင့် သင်ကြားပေးထားတဲ့ ကေဒါ စီမံခန့်ခွဲမှုစနစ်မှ **ပြည်သူလူထု ဝန်ဆောင်မှု လုပ်ငန်းစနစ်သို့ ပြုပြင်ပြောင်းလဲမှု ၊ ဝန်ထမ်းဖွဲ့စည်းပုံများ ပြုပြင်ပြောင်းလဲမှု၊ လုပ်ခပြုပြင်ပြောင်းလဲမှုနဲ့ ဝန်ထမ်းလေ့ကျင့်ရေး ပြုပြင်ပြောင်းလဲမှု** တို့ဖြစ်ပါတယ်။ စီမံအုပ်ချုပ်ရေးအပိုင်းကို အရွယ်အစားသေးငယ်စေခြင်း၊ ပုဂ္ဂလိကကဏ္ဍမှ အရည်အချင်းမီသူများကို အစိုးရဝန်ထမ်းအဖြစ် တိုက်ရိုက်စိစစ်ရွေးချယ်ခန့်အပ်ပြီး စီမံခန့်ခွဲမှုအပါအဝင် အရေးကြီးလုပ်ငန်း တာဝန်များဆောင်ရွက်ခွင့်ပေးခြင်း၊ လူသစ်များရွေးချယ်ရာမှာ အလုပ်နဲ့ပတ်သက်တဲ့ပညာ၊ ကျွမ်းကျင်မှုအဆင့်အတန်းကိုသာ အဓိကထားစစ်ဆေးခြင်း၊ အစိုးရဝန်ထမ်းအဖြစ်မှ ဦးနှောက်ယိုစီးမှု မဖြစ်စေဖို့ လုပ်ခပြုပြင်ပြောင်းလဲသတ်မှတ်ပေးခြင်း၊ စွမ်းဆောင်ရည်နဲ့ သင်တန်းများအပေါ် မူတည်၍သာ အဆင့်တိုးမြှင့်ပေးခြင်းနဲ့ ဝန်ကြီးဌာနများမှာ အရည်အချင်းပြည့်မီသူများကို လိုအပ်လျှင် လိုအပ်သလို တိုက်ရိုက်ရွေးချယ် ရာထူးတိုး ခန့်အပ်ခြင်းတို့ ဖြစ်ပါတယ်။

ဥပဒေပြုရေးနဲ့ပတ်သက်လို့ ရှေးဦးပြောင်းလဲမှုအများစုဟာ စီးပွားရေးနယ်ပယ်နဲ့ ပတ်သက်ပါတယ်။ ၁၉၉၄ခုနှစ်တွင် အုပ်ချုပ်ရေးဥပဒေအရ အာဏာအလွဲသုံးစားပြုလုပ်တဲ့ အစိုးရဝန်ထမ်းကို မည်သည့် နိုင်ငံသားတစ်ဦးကမဆို တရားစွဲဆိုခွင့်ပေးခဲ့ပါတယ်။ လူ့အခွင့်အရေး အကာအကွယ်ပေးခြင်းနဲ့ ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ပေးခြင်းတို့ပါတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်မှုကို ၂၀၀၄ခုနှစ်တွင် ပြုလုပ်ခဲ့ခြင်း နဲ့ ၂၀၀၇ ခုနှစ်တွင် ဘီဂျင်းမှာ အကျင့်ပျက်ခြစားမှု ကာကွယ်ရေးအမျိုးသားဗျူရို တည်ထောင်ခြင်းတို့ဟာ အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုများ အဖြစ်ရှုမြင်ရပါတယ်။

ဂျပန်နိုင်ငံအတွက် ကမ္ဘာ့တန်ဖိုးများ ဆန်းစစ်လေ့လာရေး စာရင်းဇယားအရ ဂျပန်ပြည်သူလူထုရဲ့အစိုးရဌာနများ အပေါ်ယုံကြည်မှုဟာ ယေဘုယျနိမ့်ကျနေပေမဲ့ တရားစီရင်ရေးနဲ့ ရဲတပ်ဖွဲ့တို့အပေါ် ယုံကြည်စိတ်ချရမှုကပိုပြီးမြင့်ပါတယ်။ လွှတ်တော်၊ နိုင်ငံရေးပါတီ နဲ့ လူထုအဖွဲ့အစည်းများအပေါ် ယုံကြည်မှုဟာလည်း အစိုးရထက်ပင် အနည်းငယ်နိမ့်နေခဲ့ပါတယ်။ သတင်းမီဒီယာကို ယုံကြည်စိတ်ချမှုက အတော်အတန်မြင့်ပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းများက လွတ်လပ်တဲ့လူမှုအဖွဲ့အစည်းများကို တရားဝင်မှုရဖို့ ခက်ခဲပေမယ့်လည်း ဒေသန္တရလူမှုအခြေပြု အကူအညီပေးရေးအဖွဲ့ငယ်များ ဖွဲ့စည်းဖို့ကိုတော့ အစိုးရကအားပေးမှုရှိပါတယ်။ အစိုးရလမ်းစဉ်အတွက် အထောက်အကူပေးတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုသာ ပိုမို လိုက်လျောပေးတဲ့ သဘောနဲ့ လူမှုရေးအရင်းကိုလည်း မူဝါဒကွဲပြားမှုနည်းတဲ့ဘက်ကို ပိုပြီးတိုးမြှင့်ပေးတဲ့ သဘောရှိတယ်လို့ ဆိုသူများက ဆိုကြပါတယ်။

ပြည်သူ့ဝန်ထမ်းရေးရာ ပြုပြင်ပြောင်းလဲမှုအတွက် တောင်းဆိုခြင်းများ ရှိနေခဲ့ပါတယ်။ ဂျပန်မှာ ၁၉ ရာစုမှစပြီး အတော်ဆုံး အထက်မြက်ဆုံး ပုဂ္ဂိုလ်များကိုသာ သူတို့ရွေးချယ်တဲ့ ဌာနများမှာ နိုင်ငံ့တာဝန်ကိုထမ်းဆောင်ခွင့် ရရှိခဲ့ကြတာဖြစ်ပါတယ်။ ဒီလို အတော်ဆုံးလူများကို အစိုးရဗျူရိုကရက်ဖြစ်လာစေတဲ့ ရိုးရာအစဉ်အလာအတိုင်း ရွေးချယ်မှုဟာ လူအင်အား မလုံမလောက်ဖြစ်လာတာကတစ်ကြောင်း၊ အဲဒီ ဗြူရိုကရက်များဟာ အစိုးရတာဝန်မှ အနားယူပြီးနောက် ပုဂ္ဂလိကလုပ်ငန်းတွေမှာရာထူးကြီးများ ဆက်ယူထားကြတာကတစ်ကြောင်း၊ ဗဟိုအစိုးရဗျူရိုကရက်များဟာ ရိုးရာအစဉ်အလာအရ ဥပဒေပြုရေးနဲ့ဘဏ္ဍာရေးကိစ္စတွေမှာ အခွင့်အာဏာများ ရရှိကြတာကတစ်ကြောင်းတို့ကြောင့် ပြောင်းလဲမှုအတွက် တောင်းဆိုကြခြင်းဖြစ်တယ် လို့ဆိုပါတယ်။ ဒါပေမယ့် အစိုးရဝန်ထမ်းများ ကိုယ်နှိုက်က လက်ရှိအစဉ်အလာကို လိုလားနေကြတဲ့အတွက် ပြည်သူ့ဝန်ထမ်းရေးရာ ပြုပြင်ပြောင်းလဲမှုမှာ မလွယ်ကူသေးဘူးလို့ ယူဆသူများရှိနေကြောင်းတွေ့ ရပါတယ်။

၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အကျင့်ပျက်ခြစားမှု အညွှန်းကိန်းများအရ နိုင်ငံပေါင်း (၁၈၀)မှာ ဂျပန်နိုင်ငံဟာ အဆင့်(၁၈)သာရှိပါတယ်။ ယခင်ကထက် ယခုအခါ အကျင့်ပျက်ခြစားမှု ပိုမို လျော့နည်းလာခဲ့ပြီး နောင်လည်းဆက်လက် လျော့နည်းသွားလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

တောင်ကိုရီးယားဆိုင်ရာ အချက်အလက်များ ကောက်ယူခဲ့သည့် လွန်ခဲ့သောနှစ်အနည်းငယ် အထိ ယေဘုယျအားဖြင့် အစိုးရအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချမှုဟာ အနည်းငယ် လျော့နည်းနေပြီး တရားစီရင်ရေးနဲ့ ရဲတပ်ဖွဲ့အပေါ်မှာ ယုံကြည်မှုမြင့်မားပါတယ် ။ ပြည်သူ့ဝန်ထမ်းများနဲ့ သတင်း မီဒီယာများ အပေါ်မှာတော့ ယုံကြည်စိတ်ချရမှု အတော်အတန် မြင့်မားတာကို တွေ့ရပါတယ်။ လွှတ်တော်နဲ့ နိုင်ငံရေးပါတီများအပေါ်မှာ ယုံကြည်စိတ်ချမှု နိမ့်ကျတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် တောင်ကိုရီးယားလူထုဟာ နိုင်ငံရေးလုပ်ငန်းစဉ်များ အပေါ်မှာယုံကြည်မှု နည်းတယ်လို့ဆိုနိုင်ပါတယ်။၁၉၉၀ပြည့်လွန်နှစ်များကစပြီး အတော်အတန် ပြည့်ဝသော ဒီမိုကရေစီ နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ အမျိုးသား ညီလာခံမှာ အခွင့်အာဏာ လုံလုံလောက်လောက် ရှိပါတယ်။ လူထုအဖွဲ့အစည်းများက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး လူမှုနိုင်ငံရေးစနစ်များကို ဝေဖန်ခြင်းနဲ့ အပြုသဘော စောင့်ကြပ်ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူထုဆက်သွယ်ရေး နည်းလမ်းများ အသုံးပြုပြီး နှိုးဆော်ခြင်းများ ပြုလုပ်ပေးလျှက်ရှိပါတယ်။ ၁၉၉၀ပြည့်လွန် နှစ်နှောင်းပိုင်း ကာလမှ စပြီး ရဲရင့်တဲ့ ပြည်သူ့ဝန်ထမ်းရေးရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပါတယ်။ ကင်ဒေးဂျုံ အစိုးရကာလမှာ ပြည်သူ့အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး လုပ်ငန်းကြီးများနဲ့ အလုပ်သမား ကဏ္ဍတို့မှာ ပြုပြင်ပြောင်းလဲ ရေးကို ၁၉၉၇ ခုနှစ် စီးပွားရေးအကျပ်အတည်း ဖြေရှင်းရေးလုပ်ငန်း အစီအစဉ် နဲ့ ဆက်စပ်ပြီး စတင်ပြု လုပ်ခဲ့ပါတယ်။ ပွင့်လင်းမှု၊ ယှဉ်ပြိုင်မှုနဲ့ စွမ်းဆောင်ရည် အခြေပြုစီမံခန့်ခွဲမှု စနစ်များ သွတ်သွင်း ပေးခဲ့ပါတယ် ။ သမိုင်းကြောင်းအရ မူလက အာဏာရှင်

လက်သုံး ကိရိယာများဖြစ်ခဲ့တဲ့ ဥပဒေများကို ထင်သာမြင်သာ ဖြစ်အောင် ပြုပြင်ပေးခြင်းဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အသုံးဝင်စေခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအားနည်းချက် တချို့ရှိကြောင်း ဝေဖန်ချက်များရှိ နေပေမယ့်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးရဲ့ အဆုံးအဖြတ်နဲ့ အစိုးရရဲ့လုပ်ဆောင်ချက်များကို လက်တွေ့အလုပ်ဖြစ်စေခဲ့တဲ့ အတွက်ပြည်သူလူထုရဲ့ စိတ်ကျေနပ်မှုကိုရရှိစေခဲ့ပါတယ်။

Source : Building trust in Government in Northeast Asia , contributor - Pan Suk Kim

(အပတ်စဉ် ဆက်လက်ဖော်ပြပါမည်)

**မီယက်နမ်နိုင်ငံ**

အစိုးရ နဲ့ အမျိုးသားညီလာခံအပေါ် လူထုရဲ့ ယုံကြည်စိတ်ချရမှု မြင့်မားစွာရှိနေကြောင်း ကမ္ဘာ့တန်ဖိုးထားမှုများ အညွှန်းကိန်းများအရ တွေ့ရပါတယ်။ ပြည်သူ့ဝန်ထမ်းဌာနများ၊ မီဒီယာနဲ့ကုမ္ပဏီကြီးများ အပေါ်မှာတော့ ယုံကြည်စိတ်ချရမှု လျော့နည်းနေပါတယ်။ဆိုရှယ်လစ်နိုင်ငံဖြစ်ပြီး ပါတီရဲ့ဖွဲ့စည်းမှုဟာ အစိုးရအုပ်ချုပ်ရေးယန္တရားနဲ့ တစ်တန်းတည်းထားရှိပါတယ်။ အမျိုးသားညီလာခံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းသိမ်းမှု နဲ့ ဥပဒေပြုမှု အာဏာရှိပါတယ်။ ယခင်က ကွန်မြူနစ်ပါတီရဲ့ ညွှန်ကြားမှုကိုခံယူပြီး လုပ်ဆောင်ရသော်လည်း မကြာမီက ပြည်သူလူထု၏တိုက်ရိုက်လိုလားချက်များကို ဆောင်ရွက်နိုင်ရန် ပိုမိုလွတ်လပ် သောအခြေအနေသို့ရောက်ခဲ့သည်။ သမ္မတကို အမျိုးသားညီလာခံမှ ရွေးချယ်ပြီး သက်တမ်းငါးနှစ်ဖြစ်သည်။ ဝန်ကြီးချုပ်ကိုအမျိုးသားညီလာခံအမှုဆောင်များထဲမှ သမ္မတကရွေးချယ်သည်။ ကက်ဘိနက်ကို ဝန်ကြီးချုပ် မှရွေးချယ်တင်ပြ၍ သမ္မတ၏သဘောတူညီမှုဖြင့် ညီလာခံက အတည်ပြုရပါသည်။

ယခင်နှစ်အနည်းငယ်က လူမှုအဖွဲ့အစည်းအကြောင်းပြော၍မရသော်လည်း၊ ယခုအခါဆွေးနွေးနိုင်ကြ ပြီဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၂၀၀၀ ခန့်ရှိသည်ဟု ၂၀၀၆ ခုနှစ်စာရင်းများအရ တွေ့ ရှိရပါသည်။ အများစုမှာ အကူအညီပေးရေး စေတနာ့ဝန်ထမ်းလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့များ ဖြစ်သည်။ ယခင်က ပါတီ၏ ဦးဆောင်မှုအောက်တွင်ရှိသော အဖွဲ့အစည်းများသည် လွန်ခဲ့သည့် ၁၀ နှစ် ကျော်မှစ၍ ပိုမိုလွတ်လပ်လာကြပြီး စျေးကွက်ရှေးရှုသော ပြုပြင်ပြောင်းလဲမှုများဖြင့် တိုင်းပြည်၏ စီးပွားရေး ကိုလျင်မြန်စွာ တိုးတက်လာစေခဲ့သည်ဟု ကမ္ဘာ့ဘဏ်၏ ၂၀၀၄ ခုနှစ် အစီရင်ခံစာအရ သိရပါသည်။ ဘုံအကျိုးစီးပွားအတွက် အစိုးရ၊ စျေးကွက်နှင့် လူထုပါဝင်မှုသည် ဆီလျော်သော ဥပဒေရေးရာပြုပြင်ပြောင်း လဲမှုများစွာကို ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံရေးယှဉ်ပြိုင်မှုမရှိသော်လည်း စီးပွားရေးအရ ယှဉ်ပြိုင်မှုမှာ များစွာ ပွင့်လင်းနေပြီဖြစ်ပါသည်။

၂၀၀၁ ခုနှစ်တွင် အတည်ပြုခဲ့သော ပြည်သူ့ရေးရာအုပ်ချုပ်မှု ပြန်လည်ပြင်ဆင်ရေးအစီအစဉ်၌-

(၁) လေးလံ၍ကျယ်ဝန်းသောအုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများအား ရှင်းလင်းလွယ်ကူ၍ ထင်သာ မြင်သာရှိသော အစီအစဉ်ဖြင့် အစားထိုးရန်၊

(၂) ကြိုးနီစနစ်နှင့် အကျင့်ပျက်ခြစားမှုများ လျှော့ချရန်၊

(၃) ဦးစီးဌာနနှင့် အုပ်ချုပ်ရေးလုပ်ငန်းအဆောက်အအုံတို့၏ ပန်းတိုင်နှင့် လုပ်ဆောင်ချက်များ ရှင်းလင်းတိကျရန်၊

(၄) တိုင်း/ခရိုင်အုပ်ချုပ်ရေးနှင့် ဗဟိုအုပ်ချုပ်ရေးပြန်လည်သတ်မှတ်ရန်၊

(၅) ဝန်ကြီးဌာနများ၏ ဖွဲ့စည်းတည်ဆောက်ပုံသဘာဝကျကျဖြစ်လာစေရန် တို့ပါဝင်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းဗီယက်နမ်တွင် ဥပဒေမြောက်မြားစွာ ပြုပြင်ပြောင်းလဲမှုပြုခဲ့ပါသည်။ တစ်စုံတစ်ယောက်ကသာ အခွင့်အာဏာပေးနေသောစနစ်မှ အပြည်ပြည်ဆိုင်ရာက လက်ခံနိုင်သော စံနှုန်း များနှင့်အညီ မက္ခရိုစီးပွားရေးအဆင့်မှီရန် ရည်မှန်းပြီးရေးဆွဲနိုင်ခဲ့သောကြောင့် ကြီးစွာသောအရွေ့ကို ဖြစ်စေ ခဲ့သည်။ ၂၀၀၈ ခုနှစ် စာရင်းအရ အကျင့်ပျက်ခြစားမှုစံနှုန်းထား မကောင်းသေးသော်လည်း အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးချုပ်ကိုယ်တိုင် ကော်မတီကို ခေါင်းဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။

**သုံးသပ်ချက်**

ကမ္ဘာအရပ်ရပ်တွင် ပြည်သူလူထုတို့သည် တာဝန်ခံမှု၊ ထင်သာမြင်သာရှိမှု၊ အကျင့်သိက္ခာကောင်း မွန်မှု၊ ပွင့်လင်းမှု၊ စွမ်းရည်ရှိမှု၊ တရားမျှတမှုနှင့် ပါဝင်ခွင့်ရှိမှုတို့၏ စံနှုန်းမြင့်မားသည့် ကောင်းမွန်သော အုပ်ချုပ်ရေးကို ပို၍ ပို၍ တောင်းဆိုလာကြပါသည်။ ဖော်ပြပါနိုင်ငံများအနက် ဂျပန်နှင့်တောင်ကိုရီးယား တို့သည် ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အချိန်အတော်ကြာကြာကတည်းက လုပ်ထားကြ၍ လုံလုံလောက်လောက် တိုးတက်မှုရရှိထားကြသည်ဟု ဆိုရပါမည်။ ယင်းတို့၏ အစိုးရနှစ်ရပ်

လုံးသည် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုနှင့် သတင်းအချက်အလက်နည်းပညာတိုးတက်မှုတို့၏ စိန်ခေါ်မှုများကိုလည်း အလေးအနက်ထားပြီးပြင်ဆင်ခဲ့ကြသည်။ သို့ရာတွင် သူတို့ပင်လျှင် ကိုင်တွယ်ရန် ပြဿနာများစွာ ထင်ထင် ရှားရှားကျန်ရှိနေကြပါသေးသည်။

တရုတ်နှင့် ဗီယက်နမ်တို့၏ စီးပွားရေးစွမ်းဆောင်မှုသည် ထူးခြားစွာတိုးတက်လာခဲ့ကြပါသည်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း နှစ်နိုင်ငံလုံး၌ သိသိသာသာတိုးတက်ခဲ့သည်။ တရုတ်နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်း သည် တောင်ကိုရီးယားနိုင်ငံကို ၂၀၀၉ ခုနှစ်ကပင် ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ ထို့အပြင် ထိုနိုင်ငံများသည် ပြည်သူ့ဝန်ထမ်းရေးရာနှင့် ဥပဒေရေးရာစနစ်များကို ခေတ်မီအောင် များစွာ လုပ်နိုင်ခဲ့ကြပါသည်။

မွန်ဂိုလီးယားသည် ၁၉၉၀ ခုနှစ်က တစ်ပါတီစနစ်နှင့် စီမံကိန်းစီးပွားရေးစနစ်ကို ဖျက်သိမ်းခဲ့ပြီး နောက် ပါတီစုံနိုင်ငံရေးစနစ်သစ်သို့ ကူးပြောင်းမှုစတင်ခဲ့ပါသည်။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာတို့ လျင်မြန်စွာ ပြောင်းလဲခဲ့သည်။ သို့သော်အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်သည် အလွန်ဆိုးဝါးစွာလိုအပ်နေဆဲဖြစ်ပြီး စနစ်သစ်များသည် ရှေ့မတိုးနောက်မဆုတ်အခြေအနေမျိုးနှင့် ရင်ဆိုင် နေရပါသည်။

ခြုံ၍ဆိုရသော် အရှေ့အာရှနိုင်ငံများသည် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန် ကောင်းကောင်းဖြင့် လုပ်ခဲ့ကြ၍ လုံလုံလောက်လောက် တိုးတက်မှုများရရှိနေကြပြီဖြစ်ပါသည်။ စီးပွားရေး အခြေအနေကောင်းများကလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒီဂရီချင်းမတူညီကြသော်လည်း မှန်မှန်တိုးတက် နေကြပါသည်။ သို့ရာတွင် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများသည် လွှတ်တော်၊ နိုင်ငံရေးပါတီ များ၊ နိုင်ငံရေးအတင်းအဖျင်းမကောင်းသတင်းများ နှင့် အကျင့်ပျက်ခြစားမှုများတို့ကြောင့်အချိန်မရွေး ပျက်စီးသွားနိုင်သော အန္တရာယ်တော့ရှိနေပါသည်။ နိုင်ငံရေးနှင့် သဘောတရားရေးရာတွင် မည်သို့ပင်ရှိစေ ကာမူ အရှေ့အာရှနိုင်ငံများသည် မကြာမီနှစ်များအတွင်းက ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကို သိသိသာသာ မြှင့်တင်နိုင်ခဲ့ကြပါသည်။ ဥပမာ

တောင်ကိုရီးယားနိုင်ငံသည် အစိုးရပြုပြင်ပြောင်းလဲမှုကို ဦးစားပေး၍ ဆောင်ရွက်ခဲ့သည်။ ဆိုရှယ်လစ်နိုင်ငံများဖြစ်သော တရုတ် နှင့် ဗီယက်နမ်ပင်လျှင် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကို အလေးအနက်ထား၍ အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရပါ သည်။

လူထုက အစိုးရတစ်ရပ်အပေါ် အရေးကြီးသော အကဲဖြတ်ချက်များစွာတွင် ပြည်သူ့အုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးသည် အဓိကအချက်တစ်ချက်ဖြစ်ပါသည်။ ပြည်သူလူထုက အဆိုး မြင်နေပြီး နိုင်ငံရေးအရယုံကြည်စိတ်ချရမှုမရှိမချင်း အစိုးရတစ်ရပ်အပေါ် လူထု၏ အမြင်မှာ သိသိသာသာ မပြောင်းလဲသွားနိုင်ပါ။ သို့ရာတွင် လူထုအဖွဲ့အစည်းများ၏ တန်ဖိုးနှင့် အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း၊ လက်တွေ့ဖွံ့ဖြိုးတိုးတက်စေသော အုပ်ချုပ်ရေးစနစ်ကိုကျင့်သုံးခြင်း၊ အစိတ်အပိုင်းအလိုက် ပြောင်းလဲမှုထက် အထိုက်အလျောက်ဘက်စုံ၊ အလုံးစုံပါဝင်သော ပြောင်းလဲမှုကို ဖြစ်စေခြင်း၊ ကမ္ဘာပေါ်တွင်အကောင်းဆုံးနှင့် စံပြဖြစ်သော ပြောင်းလဲခြင်းသဘောတရားများစွာထက် မိမိနိုင်ငံအတွက် အကောင်းဆုံးကိုက်ညီစေသည့် စစ်မှန်သောပြောင်းလဲခြင်းသဘောတရားကို လက်ခံကျင့်သုံးခြင်း၊ အပြင်မှ သွတ်သွင်းပေးသော ချဉ်းကပ် နည်းထက်ပင်ကိုယ်ဖြစ်သော၊ ကိုယ်တိုင်ပိုင်ဆိုင်သောနည်းလမ်းကို ကျင့်သုံးခြင်းတို့ဖြင့် အစိုးရ တစ်ရပ်သည် နောက်ဆုံးတွင် အဆုံးအရှုံးအားလုံးကို ကာမိစေသည့် ကောင်းမွန်သော အဖြေကို မလွဲမသွေ ရရှိလာရမည် ဖြစ်ပါသည်။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)